# အချက်အလက်စာစောင်
# NSW ကျေးကျွန်ပြုမှု-တိုက်ဖျက်ရေး ကော်မရှင်မင်းကြီး

## NSW ကျေးကျွန်ပြုမှု-တိုက်ဖျက်ရေး ကော်မရှင်မင်းကြီး ဆိုသူမှာ မည်သူနည်း။

နယူးဆောက်ဝေးလ် ကျေးကျွန်ပြုမှု-တိုက်ဖျက်ရေး ကော်မရှင်မင်းကြီးမှာ Dr James Cockayne ဖြစ်ပါသည်။ Dr Cockayne ၏ ငါးနှစ်-သက်တမ်းမှာ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် စတင်ခဲ့သည်။

ကျေးကျွန်ပြုမှု-တိုက်ဖျက်ရေး ကော်မရှင်မင်းကြီး၏ အခန်းကဏ္ဍကို ခေတ်သစ် ကျေးကျွန်ပြုမှု အက်ဥပဒေ ၂၀၁၈ ခုနှစ် (NSW) [(*Modern Slavery Act 2018* (NSW)] က ဖန်တီးပေးခဲ့သည်။ ၎င်းသည် ကော်မရှင်မင်းကြီးအား အောက်ပါလုပ်ငန်းတာဝန်များကို အပ်နှင်းပါသည်-

- ခေတ်သစ် ကျေးကျွန်ပြုမှုကို တိုက်ဖျက်ရန်အတွက် အရေးယူဆောင်ရွက်မှုအား ထောက်ခံအားပေးခြင်းနှင့် တိုးချဲ့မြှင့်တင်ပေးခြင်း
- ခေတ်သစ် ကျေးကျွန်ပြုခြင်းခံရသူ သားကောင်များကို ဖော်ထုတ်ခြင်း၊ အကူအညီပေးအပ်ခြင်း နှင့် ၎င်းတို့အား ပံ့ပိုးပေးခြင်း
- ခေတ်သစ် ကျေးကျွန်ပြုခြင်းကို တိုက်ဖျက်သည့် အစိုးရ ဥပဒေများနှင့် မူဝါဒများမှာ ထိရောက်ကြောင်း သေချာစေခြင်း
- ခေတ်သစ် ကျေးကျွန်ပြုမှုကြောင့် ထုတ်လုပ်ထားသည့် ကုန်ပစ္စည်းများကို ကုန်စည်ဖြန့်ချီရေး ကွင်းဆက်များမှ ဖယ်ရှားပစ်ရန်အတွက် NSW အများပြည်သူ ဝယ်ယူမှုများကို ပံ့ပိုးခြင်းနှင့် ကြီးကြပ်ပေးခြင်း
- ကုန်စည်ဖြန့်ချီရေးကွင်းဆက်များတွင် ခေတ်သစ် ကျေးကျွန်ပြုမှု အန္တရာယ်များကို ဖြေရှင်းပေးရန်အတွက် ကြိုးပမ်းအားထုတ်မှုများနှင့်ဆက်နွယ်သည့် ကျင့်ထုံးဥပဒေများ ထုတ်ပြန်ပေးခြင်းနှင့် အများပြည်သူများ မှတ်ပုံတင်ထားရှိခြင်းများကို ထိန်းသိမ်းပေးခြင်း
- ခေတ်သစ် ကျေးကျွန်ပြုမှုကို အများသိဖြစ်စေရန် တိုးချဲ့လှုံ့ဆော်မြှင့်တင်ပေးခြင်း။

**Office of the
NSW Anti-slavery
Commissioner**

Working together
for real freedom

NSW Anti-slavery Commissioner's
Strategic Plan 2023–2026

## ခေတ်သစ် ကျေးကျွန်ပြုခြင်းဆိုသည်မှာ အဘယ်နည်း။

ခေတ်သစ် ကျေးကျွန်ပြုခြင်းသည် လူတစ်ဦးက အခြား တစ်ဦးကို ကိုယ်ပိုင်ပစ္စည်းအဖြစ် ပိုင်ဆိုင်သကဲ့သို့ - ၎င်းသူ၏ လွတ်လပ်မှုကို ကန့်သတ်တားဆီးခြင်းဖြင့် ဆက်ဆံသည့်အခါ ခေတ်သစ် ကျေးကျွန်ပြုခြင်း ဖြစ်ပွားသည်။ ခေတ်သစ် ကျေးကျွန်ပြုခြင်းသည် အမျိုးမျိုးသော ပြစ်မှုများ အကျုံးဝင်သည့် သတ်မှတ်ချက် တစ်ခုဖြစ်သည်။ ၎င်းတို့မှာ-

- ကျေးကျွန်ပြုခြင်း
- ခိုင်းဖတ်ဘဝ
- လိင်ကျွန်ဘဝ
- အတင်းအကျပ် အလုပ်ခိုင်းစေမှု
- အတင်းအကျပ် ထိမ်းမြားမှု
- ကြွေးမြီကျွန်ပြုမှု
- လူကုန်ကူးမှု
- အလုပ်သမား သို့မဟုတ် ဝန်ဆောင်မှုများအတွက် လှည့်စားစုဆောင်းခြင်
- ကိုယ်တွင်းခန္ဓာအစိတ်အပိုင်းကုန်ကူးမှု
- အွန်လိုင်းဖြင့် ကလေးများအား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း

## NSW တွင် ခေတ်သစ် ကျေးကျွန်ပြုမှု ရှိပါသလား။

ရှိပါသည်။ ခန့်မှန်းခြေ သန်း ၅၀ သောလူများမှာ ကမ္ဘာတစ်ဝန်း ခေတ်သစ် ကျေးကျွန်ပြုမှုဖြင့် နေထိုင်နေကြပါသည်။ ခန့်မှန်းခြေ အယောက်ရေ လေးသောင်းတစ်ထောင် (41,000) သောလူများမှာ ဩစတြေးလျနိုင်ငံ၌ ခေတ်သစ် ကျေးကျွန်ဘဝဖြင့် နေထိုင်နေကြသည်၊ နယူးဆောက်ဝေးလ်ပြည်နယ်တွင် ခန့်မှန်းခြေ တစ်သောင်း ခြောက်ထောင် လေးရာ (16,400) ရှိပါသည်။

## NSW ရှိ ခေတ်သစ် ကျေးကျွန်ပြုခြင်း၏ နမူနာများအချို့မှာ အဘယ်နည်း။

ကျေးကျွန်ပြုမှု တိုက်ဖျက်ရေး ကော်မရှင်မင်းကြီးရုံးသည် NSW ရှိ ခေတ်သစ် ကျေးကျွန်ပြုမှု အမျိုးအစား အမျိုးမျိုးတို့၏ ယုံကြည်စိတ်ချရသော တိုင်တန်းစာများကို လက်ခံရရှိခဲ့ပါသည်၊ ၎င်းတို့မှာ-

- NSW နယ်စွန်ဒေသရှိ လယ်လုပ်ငန်းများတွင် အတင်းအကျပ် အလုပ်ခိုင်းစေမှုအတွင်း ပိတ်မိနေသည့် အလုပ်သမားများ
- မြို့တွင်း အိမ်ထောင်စုများတွင် အိမ်စေအဖြစ်သို့ အတင်းအကျပ်ပြုခံရသည့် အလုပ်သမားများ
- လူပုဂ္ဂိုလ်အားဖြင့်နှင့် လူမှုမီဒီယာများမှတစ်ဆင့် လိင်ပိုင်းခေါင်းပုံဖြတ်ခြင်းသို့ ဖြားယောင်းသွေးဆောင်ပြီး အတင်းအကျပ်လုပ်ခိုင်းခံရသည့် အမျိုးသမီးများနှင့် ကလေးများ
- ကြွေးမြီကျွန်ပြုခြင်းတွင် ပိတ်မိနေသော ရုံးအဆောက်အအုံအတွင်း အလုပ်လုပ်ရင်းနေရသည့် သန့်ရှင်းရေးသမားများနှင့် လုံခြုံရေးဝန်ထမ်းများ
- ပြည်တွင်းနှင့် ပြည်ပနိုင်ငံများတွင် အတင်းအကျပ် ထိမ်းမြားခံရသည့် လူငယ်၊ အမျိုးသမီးများနှင့် မိန်းကလေးများ
- ခွဲခြားဆက်ဆံခံရသည့် အလုပ်ခွင်များ သို့မဟုတ် စောင့်ရှောက်ကုသရေးဌာနများ၌ ခေါင်းပုံဖြတ်ခံနေရသည့် မသန်စွမ်းသူများ
- အတင်းအကျပ် အလုပ်ခိုင်းစေမှုနှင့် အတင်းအကျပ် ကလေးအလုပ်သမားခိုင်းစေခံရသော (အဘော်ရီဂျင်နီနှင့်တောရက်စ်ရေလက်ကြားကျွန်းသား) တိုင်းရင်းလူမျိုးများ။

# အချက်အလက်စာစောင်

# NSW ကျေးကျွန်ပြုမှု-တိုက်ဖျက်ရေး ကော်မရှင်မင်းကြီး

## NSW ရှိ ခေတ်သစ် ကျေးကျွန်ပြုမှုကို အဆုံးသတ်ရန် ကျေးကျွန်ပြုမှု တိုက်ဖျက်ရေး ကော်မရှင်မင်းကြီးသည် ဘာလုပ်နေပါသနည်း။

ကျေးကျွန်ပြုမှု-တိုက်ဖျက်ရေး ကော်မရှင်မင်းကြီးသည်-

**တားဆီးကာကွယ်ရေး စွမ်းအင်များကို တည်ဆောက်ခြင်း** – ခေတ်သစ် ကျေးကျွန်ပြုမှုအပေါ် အားနွဲ့သူများကို ဖော်ထုတ်ပေးရန်နှင့် မတရားနှိပ်စက်မှုကို ဟန့်တားပေးရန်အတွက် NSW အစိုးရနှင့် အစိုးရ-မဟုတ်သော အဖွဲ့အစည်းများကို ကူညီပေးရန် လုပ်ကိုင်နေပါသည်။ ဤကိစ္စတွင် ပြည်သူ့ဝန်ဆောင်အလုပ်သမားများအား အင်အားဖြည့်တင်းပေးခြင်းနှင့် ထိရောက်သော ပံ့ပိုးမှုနှင့် ဖုန်းမှတစ်ဆင့်လွှဲပို့ပေးမည့် တိုက်ရိုက်ဖုန်းလိုင်းတို့ကို ထူထောင်ခြင်းတို့ ပါဝင်သည်။

**ကုစားမှု စွမ်းဆောင်ပေးခြင်း** – ခေတ်သစ် ကျေးကျွန်ပြုမှု လက်တွေ့ခံစားနေရသူများအတွက် ထိရောက်သော ကုစားမှုကို တိုးတက်ကောင်းမွန်သော ဝင်ရောက်ကုစားခွင့်ရရှိရန် ဝန်ဆောင်ဌာနများနှင့် အတူ လုပ်ကိုင်နေပါသည်။ ဤကိစ္စတွင် ထိရောက်သော ပံ့ပိုးမှုကို ရရှိရေးအား ပိုမိုအားကောင်းအောင် လုပ်ပေးခြင်းနှင့် လွတ်မြောက်လာသူ ဦးဆောင်မှုကို အားပေးခြင်းတို့ ပါဝင်သည်။

**တာဝန်သိတတ်သော စီးပွားလုပ်ငန်း လုပ်ရပ်များကို အားပေးခြင်း** – ကုန်စည်ဖြန့်ချီရေး ကွင်းဆက်များနှင့် ရင်းနှီးမြှုပ်နှံရေးတို့တွင် ခေတ်သစ် ကျေးကျွန်ပြုမှုကို ဖော်ထုတ်ခြင်းနှင့် ဖြေရှင်းခြင်းတို့ ဆောင်ရွက်ရာတွင် ဦးဆောင်မှုကို ပြသရန် အစိုးရနှင့် ပုဂ္ဂလိက ကုမ္ပဏီများနှင့်အတူ လုပ်ကိုင်နေပါသည်။ ဤကိစ္စတွင် အများပြည်သူ သုံးစွဲမှုမှ ခေတ်သစ် ကျေးကျွန်ပြုမှုကြောင့် ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများကို ဖယ်ရှားခြင်းနှင့် ပုဂ္ဂလိက ကဏ္ဍရှိ တာဝန်သိတတ်သော စီးပွားလုပ်ငန်း လုပ်ရပ်များကို အားပေးခြင်းတို့ ပါဝင်သည်။

**ပြောဆိုပုံကို ပြောင်းလဲပေးခြင်း** – NSW ပြည်နယ်တစ်ဝန်းတွင် လွတ်မြောက်လာသူများအား လုပ်ပိုင်ခွင့်ပေးသည့် နည်းလမ်းနှင့် စီးပွားလုပ်ငန်းများနှင့် မူဝါဒကိစ္စများတွင် ကျေးကျွန် တိုက်ဖျက်ရေး ထူထောင်ပေးသည့်နည်းလမ်းဖြင့် ခေတ်သစ် ကျေးကျွန်ပြုမှုကို အများသိဖြစ်စေရန် တိုးချဲ့လှုံ့ဆော်မြှင့်တင်ပေးနေသည်။

**ရည်ရွယ်ချက်တူ ယုံကြည်ချက်တူ လူမှုအသိုက်အဝန်းတစ်ရပ်ကို ဖွံ့ဖြိုးပျိုးထောင်ပေးခြင်း** – ခေတ်သစ် ကျေးကျွန်ပြုမှု အက်ဥပဒေ ၂၀၁၈ ခုနှစ် (NSW) [*Modern Slavery Act 2018* (NSW)] ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပူးပေါင်း အကောင်းအထည်ဖော်ရေးအတွက် အခြေခံ အုတ်မြစ်များကို တည်ဆောက်ပေးခြင်း၊ အက်ဥပဒေ၏ ရည်မှန်းချက်များဆီသို့ ပါဝင်ပတ်သက်သူများ အတူလုပ်ကိုင်ပေးရန် ခေါ်ဆောင်ပေးနေသည်၊ ထို့ပြင် ခေတ်သစ် ကျေးကျွန်ပြုမှုကို တိုက်ဖျက်ရန် အားထုတ်ကြိုးပမ်းမှုများမှာ ရေရှည်တည်တံ့နိုင်ပြီး အောင်မြင်နိုင်စေရန် အာမခံပေးနေပါသည်။



## သင် သို့မဟုတ် သင် သိသည့်သူတစ်ယောက်ယောက်မှာ အန္တရာယ်ရှိနေသလား။

အကယ်၍ သင် သို့မဟုတ် သင်သိသူတစ်ယောက်ယောက်သည် လူကုန်ကူးခြင်း သို့မဟုတ် ကျေးကျွန်ပြုခံရမည့် အန္တရာယ်အတွင်းကျရောက်နေလျှင် သို့မဟုတ် အန္တရာယ်ရှိနေလျှင် သင် ဆက်သွယ်နိုင်သည်မှာ -

- NSW ကျေးကျွန်ပြုမှု-တိုက်ဖျက်ရေး ကော်မရှင်မင်းကြီးရုံးကို antislavery@justice.nsw.gov.au ကျွန်ုပ်တို့အနေဖြင့် နေရာထိုင်ခင်း၊ ဥပဒေဆိုင်ရာနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အကြံဉာဏ်၊ ဆွေးနွေးအကြံပြုကိစ္စနှင့် ငွေကြေးပံ့ပိုးမှုကဲ့သို့သော သင်လိုအပ်သည့် လုံခြုံရေးဆိုင်ရာနှင့် ပံ့ပိုးမှုဆိုင်ရာ ဝန်ဆောင်ဌာနများသို့ သင့်အား ကူညီလမ်းညွှန်ပေးပါမည်။ ကျေးကျွန်ပြုမှု တိုက်ဖျက်ရေး ကော်မရှင်မင်းကြီးသည် အဆိုပါသူအား ကလေးတစ်ဦး သို့မဟုတ် လူငယ်တစ်ဦးမှာ သိသိသာသာ ထိခိုက်နစ်နာမှုရှိလာမည့် အန္တရာယ်ရှိနေသည်ဟု သံသယဖြစ်စရာ သင့်တင့်သောအကြောင်းခံများ ရှိနေသည်မှလွဲ၍ တိုင်တန်းသည့်အချက်အလက်ကို ပေးအပ်ရန် မလိုအပ်ပါ။
- ဩစတြေးလျပြည်ထောင်စု ရဲတပ်ဖွဲ့ (Australian Federal Police (AFP)) ဖုန်း 131 237 (131AFP) သို့မဟုတ် AFP ဝက်ဘ်ဆိုက် - www.afp.gov.au သို့ အကူအညီအတွက် ဝင်ကြည့်ပါ။

## သင် စကားပြန် လိုအပ်ပါသလား။

ဘာသာပြန်နှင့် စကားပြန်ဌာန ဖုန်း 131 450 သည် စကားပြန်ပေးခြင်းကို အခမဲ့နှင့် လျှို့ဝှက်စွာ ဆောင်ရွက်ပေးသည်။ TIS ဌာနမှ စကားပြန်တစ်ဦးသည် အခြား ဝန်ဆောင်ဌာနများနှင့် သင့်အား ကူညီဆက်သွယ်ပေးနိုင်သော်လည်း TIS သည် ဆွေးနွေးအကြံပြုခြင်းကို မဆောင်ရွက်ပါ။ ဖုန်းခေါ်မှုအားလုံးမှာ အခမဲ့ဖြစ်ပြီး လျှို့ဝှက်ဆောင်ရွက်ပေးသည်။

## NSW ကျေးကျွန်ပြုမှု-တိုက်ဖျက်ရေး ကော်မရှင်မင်းကြီးရုံးနှင့် ဆက်သွယ်နေပါ

**ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် သို့ဝင်ကြည့်ပါ။**

**Website:** dcjnsw.info/antislaverycommissioner

**Facebook:** @Office of the NSW Anti-slavery Commissioner

**LinkedIn:** @Office of the NSW Anti-slavery Commissioner